ဂျူလိုင်ကျော်မင်း

# တောင်ဇလပ်နီရောင် တိမ်တိုက်တွေ




mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ပင်ပန်းလွန်းတယ်၊ တိုတောင်းလွန်းပါတယ်၊
ဒါပေမဲ့… လှပလွင့်မျောဖွယ် ကြောက်လန့်ရင်တုန်ဖွယ်ခရီး
တစ်ခုပါပဲ။ ဒီခရီးက အပြန်မှာတော့ တစ်ခုတစ်ယောက်နဲ့အတူ
အချိန်ကာလဆိုတဲ့ ဘဝခရီးရှည်ကြီးကို အတူဖြတ်သန်းသွား
ဖြစ်မယ် ဆိုတာတော့ သေချာခဲ့ပါတယ်။

# တောင်ဇလပ်နီရောင် တိမ်တိုက်တွေ

## ဂျူလိုင်ကျော်မင်း




တောင်ဇလပ်နီရောင် တိမ်တိုက်တွေ
9 782023 000465

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၆)

# ပုံနှိပ်မှတ်တမ်း



## ဂျူလိုင်ကျော်မင်း

## တောင်ဇလပ်နီရောင် တိမ်တိုက်တွေ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ ဇဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ဂျူလိုင်ကျော်မင်း
တောင်ဇလပ်နီရောင် တိမ်တိုက်တွေ / ဂျူလိုင်ကျော်မင်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၁၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၆) တောင်ဇလပ်နီရောင် တိမ်တိုက်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

နောက်တစ်ခေါက် ထပ်လို့သွားချင်ပေမဲ့ ထပ်မသွားနိုင်တော့တဲ့ ခရီးတွေလည်း အများကြီးရှိတတ်ကြတာပဲ မဟုတ်လား။ အချိန်ကာလတချို့ကို ဖြတ်ကျော်သွားပြီးတဲ့အခါ သွားခဲ့ဖူးတဲ့ခရီးရှည်တွေထဲကနေ မတူညီတဲ့ စိတ်ခံစားမှုတွေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ မွန်းကျပ်နေတဲ့ နေ့စဉ်ဘဝကနေ ရုန်းထွက်နိုင်ခဲ့ခြင်းတွေဟာလည်း လှပတဲ့ မှတ်ဉာဏ်တွေအဖြစ်တော့ ကျန်ရစ်ခဲ့မှာပါပဲ။

၇ နှစ်။ လွန်ခဲ့တဲ့ ၇ နှစ်ရဲ့ ဆောင်းရက်တချို့မှာပါပဲ။ ချင်းပြည်နယ်ရဲ့ တောင်ဇလပ်ပွင့်တွေဟာ သဘာဝတရားနဲ့အတူ၊ တိမ်တိုက်တွေနဲ့အတူ ကျွန်မရဲ့ မှတ်ဉာဏ်ထဲကို ရောက်ရှိလာခဲ့တာ။ စာဖတ်ခြင်းဟာလည်း အလွယ်ကူဆုံး ခရီးသွားခြင်းမို့ တောင်ဇလပ်တိမ်တိုက်တွေဆီ ခရီးအတူသွားဖို့ ခေါ်ဆောင်သွားချင်တဲ့အခါ၊ သတိရစရာကောင်းလွန်းလှတဲ့ အဲ့ဒီအခိုက်အတန့်တွေကို လွမ်းမိတဲ့အခါ စာတစ်ပုဒ်အဖြစ် ခြယ်မှုန်းဖြစ်ခဲ့ပါတယ်။

သာယာယစ်မူးချင်စရာ ကောင်းလွန်းလှတဲ့ အခိုက်အတန့်လေးတွေကိုပဲ သတိရမိချင်ပေမဲ့ တောင်ပေါ်နေဒေသခံတွေရဲ့ ရုန်းကန် ပင်ပန်းလှတဲ့ ဘဝတွေကိုလည်း မေ့ဖျောက်ထားလို့ မရပြန်ပါဘူး။ တိမ်ရောင်နီနီတွေဟာ လွမ်းစရာကောင်းရုံသက်သက်လို့ ကျွန်မ တွေးထင်နေတုန်း လေးနက်တဲ့ အမှတ်တရတချို့ကို ပေါင်းစပ်လိုက်တဲ့အခါမှာတော့ မွန်းကျပ်စရာများ ဖြစ်သွားတတ်သလား

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ မသိပါ။ တောင်တန်းဒေသတစ်ခုပါပဲ။ အမြဲတမ်း မော့ကြည့်နေကျ တိမ်တိုက်တွေကိုတော့ အဲ့ဒီဒေသရဲ့ ရွာလမ်းကလေးတွေပေါ်မှာပဲ တရွေ့ရွေ့ လွင့်ကာမျောနေတာမို့ အလွယ်တကူ ထိတွေ့နိုင်ပါတယ်။ ပြန်ရဖို့တွေးတောစရာမလိုတဲ့ ချစ်ခြင်း မေတ္တာဟာ ငေးကြည့်နေရလည်း လှပလွန်းတာမျိုးပေါ့။

တိမ်တွေ တောင်တွေဟာ အမြဲလှပတဲ့နံနက်ခင်းတစ်ခု၊ မွှေးပျံ့တဲ့ရနံ့တစ်ခု၊ လှပတဲ့ မှတ်ဉာဏ်တစ်ခု၊ မြတ်နိုးဖွယ်ချစ်ခြင်းတစ်ခုရဲ့ အပိုင်းအစတစ်ခုမို့ တောင်ဇလပ်ပွင့်တွေကို တိမ်တွေနဲ့ ပေါင်းစပ်ပြီး "တောင်ဇလပ်နီရောင် တိမ်တိုက်တွေ" လို့ အမည်ပေးဖြစ်ခဲ့ပါတယ်။

အဲ့ဒီ နီရင့်ရင့် တောင်ဇလပ်ပန်းလေးတွေကို တစ်နေ့နေ့မှာတော့ ထပ်မံထိတွေ့နိုင်မယ်လို့ ယုံကြည်ထားမိတဲ့ စိတ်ကူးလေးနဲ့အတူ ကျွန်မရဲ့ ကြည်မြတဲ့ မျှော်လင့်ချက်ကလေးဟာလည်း တောင်ဇလပ်နီရောင်တိမ်တိုက်တွေပါပဲ။

ဂျူလိုင်ကျော်မင်း

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

ပင်ပန်းလွန်းတယ်၊ တိုတောင်းလွန်းတယ် ဒါပေမဲ့. . . လှပလွင့်မျောဖွယ်၊ ကြောက်လန့်ရင်တုန်ဖွယ် ခရီးတစ်ခုပါပဲ။ ဒီခရီးကအပြန်မှာတော့ တစ်စုံတစ်ယောက်နဲ့အတူ အချိန်ကာလဆိုတဲ့ ဘဝခရီးရှည်ကြီးကို အတူဖြတ်သန်းသွားဖြစ်မယ် ဆိုတာတော့ သေချာခဲ့ပါတယ်။

- ပျိုနီခင်
- ပိုးဖြူသွယ်
- ထူးပြည့်စုံလွန်း
- မျိုးသုတ
- ထွန်းကျော်မိုးမြင့်

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

# အပိုင်း | ၁

# တိမ်တွေနေတဲ့ မြို့

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

၂၀၁၇ ခုနှစ်၊ စလေမြို့
ပျိုနီခင်

စလေမြို့ကို အဝေးပြေးဘတ်စ်ကားဆိုက်ရောက်တော့ မနက် ၄ နာရီ စွန်းစွန်းပါ။ ဒါကြောင့်ပဲ ကားတစ်ဆင့်ပြောင်းစီးဖို့ ချိန်းဆိုထားတဲ့နေရာကို မှောင်ရီရီ မနက်စောစောမှာပဲ ရောက်ရှိခဲ့ပါတယ်။ ဆုံရပ်လို့ သတ်မှတ်ထားတဲ့ စလေပန်းခြံ လေးရဲ့နံဘေးမှာ အထုပ်အပိုးတွေအသာချလို့ ပုစဉ်းရင်ကွဲအော်သံ နားထောင်ရင်း ဆောင်းမနက်တစ်ခုကို ကျွန်မတို့သူငယ်ချင်း ၅ ယောက် စတင်ခဲ့ပါတယ်။

"ငါ ဗိုက်ဆာလိုက်တာ၊ မုန့်ဟင်းခါးစားရရင် ကောင်းမှာပဲ၊ ဖြူသွယ်"

သုတက ဖိနပ်ကြိုးကို ညီအောင်ဆွဲညှိလိုက်ရင်း သူ ဗိုက်ဆာတဲ့အကြောင်း ဖြူသွယ်ကို ခပ်ညည်းညည်း ပြောပါတယ်။

"ငါ့မှာတော့ အာလူးကြော်ရှိတယ်၊ အဆာပြေ ဒီအာလူးကြော်ပဲစားနှင့်"

သုတရဲ့ ခပ်ညည်းညည်း ဗိုက်ဆာဟန်ကို ဖြူသွယ်က အာလူးကြော်နဲ့ အလျင်အမြန် ဖြေရှင်းလိုက်ပါတယ်။ ပျိုနီ. . . နင်ရော စားဦးမလားဆိုပြီး လက် လှမ်းလာတဲ့ အာလူးကြော်ထုပ်ကို "ဟင့်အင်း" လို့ ကျွန်မ ငြင်းဆိုလိုက်တယ်။

အညာရဲ့ ဆောင်းလေဟာ ခပ်ဖွေ့ဖွေ့တိုးဝင်တော့ စိမ့်ခနဲအေးပြန်တယ်။ စောလွန်းတဲ့ နံနက်မို့ မြူရိပ်မြူခိုးတို့ပင် မလွင့်ပြယ်သေးပါ။ အသွားအလာ

mgyoe.com

mgyoe.com SAMPLE BOOK

နည်းပါးတဲ့ လမ်းခရီးမို့ စလေပန်းခြံအနီးမှာလည်း လူရိပ်လူယောင်နည်းနည်းမှ မတွေ့ရပါ။ ဆုံရပ်နေရာဖြစ်တဲ့ စလေပန်းခြံကလည်း ကားကြီးဝန်းနေရာလည်း မဟုတ်၊ ခရီးသွားတို့ဆုံရာအရပ်လည်း မဟုတ်တော့ ပိုလို့ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ထွန်းကျော် Game ဆော့လို့ တစ်ခါတစ်ရံ ထွက်ပေါ်လာတဲ့ အသံကလွဲပြီး တကယ့်ကို ဘာအသံမှမရှိပါဘူး။

"အေးနေပြီလား ပျိုနီ"

"အင်း. . . လေစိမ့်စိမ့် တိုးဝင်လာတော့ ပိုအေးလာသလိုပဲ"

ဖြူသွယ်က သူ့အိတ်ထဲတွင် ဆောင်ထားသော လည်စည်းပဝါတစ်ခုနဲ့ ကျွန်မကို နွေးသွားအောင် စည်းပေးလိုက်ပြန်ပါတယ်။ ဖြူသွယ်ရဲ့အိတ်ဟာ လိုတရအိတ်လိုပဲ တွေးမိရင်း ခပ်ဖွဖွသာသာလေး ပြုံးဖြစ်ပြန်တယ်။

ပြည့်စုံနဲ့ ထွန်းကျော်ကတော့ အထုပ်အပိုးတွေနားမှာ ထိုင်ရင်း အင်တာနက်သုံးနေကြတုန်းပဲ။ တစ်ပတ်ဆယ်ရက်ခရီးမို့ အသုံးအဆောင်ပစ္စည်းများများ မသယ်လာပေမဲ့ အရာရာရှားပါးတဲ့ဒေသကို သွားရမှာမို့ အစားအစာ၊ ဆေးဝါးနဲ့ လျှုရန်အတွက် အထုပ်အပိုးတွေကတော့ အတော်များပါတယ်။ လာကြိုရမဲ့ကားဟာ မရောက်သေးဘူး။ ကျွန်မတို့ ချင်းပြည်နယ်တောင်ပိုင်းကို ခရီးဆက်ရမှာမို့ ကားပြောင်းစီးရတာပါ။ တောင်ပေါ်လမ်း၊ ခရီးလည်းကြမ်း လမ်းလည်းကျဉ်းမို့ အဲကွန်းဖွင့် မှန်လုံကားကို စီးလို့မရတော့ပါဘူး။ လမ်းကျွမ်းကျင်တဲ့ ဒေသခံ မောင်းတဲ့ ဘတ်စ်ကားဟောင်းအိုကြီးကို ပြောင်းစီးရမှာပါ။

ပန်းတွေကို ရံထားတဲ့ အုတ်ခုံကလေးပေါ် ထိုင်ချလိုက်ပြီး ဖုန်းက နာရီကို ကြည့်တော့ မနက်လေးနာရီခွဲကျော်နေပါပြီ။ စောင့်ရတာ ၁ နာရီနီးပါးလောက် ကြာတော့ ပြည့်စုံက ဆက်သွယ်ရမဲ့ ဖုန်းနံပါတ်ကို အခါခါခေါ်ပါတယ်။ ဒီခရီးစဉ်ကို သူက ပိုလို့သာစိတ်ပူမယ်။ သူ့ရဲ့မျှော်လင့်ချက်တွေရှိနေတဲ့ ခရီးကိုး။ သူ ဖုန်းပြောပြီး သိပ်မကြာတဲ့အချိန်အတွင်းမှာပဲ ကားဟောင်းအိုအိုကြီးဟာ ရောက်လာပါတယ်။

*"ရခိုင်ရိုးမတောင်တန်းနဲ့ ဆက်နေတဲ့ ချင်းတောင်တန်းxxx ကုလားတန်မြစ်၊ မဏိပူရမြစ်စီးဆင်းနေxxx ရောင်စုံပန်းများပွင့်ဖူးတဲ့xxx ထင်းရှူးချယ်ရီ တောင်ဇလပ်တွေxxx သဘာဝအလှတွေ ဖော်ထုတ်နေxxx ဒီဒီဒီxxx ဒါဒါဒါ"*

ကားရောက်ပြီဆိုတာနဲ့ သီချင်းတစ်ပိုင်းတစ်စကို ခပ်မြှုံမြှုံလေး ရွတ်ဆို

mgyoe.com

mgyoe.com SAMPLE BOOK

ပြီး သူတဟာ ရှေ့ဆုံးကနေ ဦးဆောင်ပြီး တက်သွားပါတယ်။ သူတနောက်က ကျွန်မတို့ မိန်းကလေးနှစ်ယောက်။ အပိုသယ်ယူလာတဲ့ အထုပ်အပိုးတွေကို သယ်မရင်း ပြည့်စုံနဲ့ ထွန်းကျော်ဟာ နောက်ဆုံးမှ ကားပေါ်ကိုတက်လာပါတယ်။

"ပျိုနီ. . . ငါ ပြတင်းပေါက်ဘက်ခြမ်းက ထိုင်မှာနော်"

"ပြီးမှ လေတိုးလို့ အေးတယ်ဆိုပြီး နင် ငါ့ကို နေရာမရွှေ့ခိုင်းနဲ့နော်"

"အင်းပါ"

ဖြူသွယ်က ပြတင်းပေါက်ဘက်မှာမှ ထိုင်ချင်တယ်လို့ ပြောတော့ ကျွန်မ အသာတကြည်ပဲ သဘောတူလိုက်ပါတယ်။ ကားတစ်စီးလုံးမှာ ခရီးသည်တွေဟာ အပြည့်ပါပဲ။ ဈေးသည်တွေ၊ ဈေးဝယ်တွေဖြစ်ဟန်တူတယ်လို့ပဲ ကျွန်မ ခပ်လွယ်လွယ် ကောက်ချက်ချလိုက်ပါတယ်။ သွားဝါဝါနဲ့ မျက်လုံးစိမ်းစိမ်းလူကြီးတွေ၊ ဖိုးရိုးဖားရား ချင်းစောင်ကိုခြုံထားတဲ့ ယောကျ်ားတွေ၊ ခေါင်းပေါင်းနဲ့ လည်စည်းထူထူ ဝတ်ထားတဲ့ အဘွားအိုတွေ တော်တော်များတယ်။ ကလေးအနည်းငယ်လည်း ပါပါတယ်။ တောင်းတွေပလုံးတွေ၊ ထပ်ထားတဲ့ အထုပ်တွေဟာ များလွန်းလို့ ခြေချစရာ နေရာ မရှိပါဘူး။ ကားစပယ်ယာလို့ ထင်ရတဲ့ အမျိုးသားဟာ ချင်းစကားတစ်ဝက် ဗမာလို တစ်ဝက်စကားဆိုပြီး နေရာကိုရှင်းလင်းလိုက်တော့ ကျွန်မတို့ ၅ ယောက်အတွက် ထိုင်စရာ ၃ နေရာရပါတယ်။ ပြည့်စုံနဲ့ ထွန်းကျော်က ကားစပယ်ယာနဲ့အတူ လျှောက်လမ်းထိပ်မှာ အထုပ်တွေချပြီး ထိုင်လိုက်လို့ အပြီးမှာတော့ အမြင့်ပေ ၆၀၀၀ ကျော်ရှိတဲ့ ကန်ပက်လက်မြို့ကိုသွားဖို့ ကျွန်မတို့ အဆင်သင့် ဖြစ်နေပါပြီ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

"နင်သိလား ပျို့နီ၊ ချင်းတွေနဲ့ ကချင်တွေက ညီအစ်ကိုတွေတဲ့"

ကျွန်မ မသိမသာ ခေါင်းယမ်းလိုက်တယ်။

"ဟိုးရှေးရှေးတုန်းက ချင်းနဲ့ ကချင် ညီအစ်ကိုနှစ်ယောက်က ခရီးသွားရင်း ညီဖြစ်သူက အိမ်သာ သွားချင်ရောတဲ့"

"အင်း. . . အဲ့တော့"

ဖြူသွယ်ရဲ့ ပုံပြင်ကို အနောက်ခုံမှာထိုင်တဲ့ သုတက စိတ်ဝင်စားဟန်နဲ့ စကားထောက်ပါတယ်။

"ညီက ကချင်မြေမှာ အိမ်သာသွားရင်း ကျန်ခဲ့ပြီး အစ်ကိုက ချင်းပြည်ဘက်ကို ခရီးဆက်ထွက်လာခဲ့တာတဲ့။ သူသွားတဲ့လမ်းကို သူ့ညီသိပြီး လိုက်လာနိုင်အောင် ငှက်ပျောပင်တွေ ခုတ်၊ ခြေရာတွေချန်ထားခဲ့ပေမဲ့ ငှက်ပျောတွေက အပင်သန်တော့ ခြေရာ သေချာမကောက်နိုင်ဘူးပေါ့။ ဒါနဲ့ ညီဖြစ်သူက ကချင်မှာပဲ ဆက်လက်နေထိုင်သွားပြီး အစ်ကိုဖြစ်သူကတော့ ညီအတွက်ခြေရာတွေချန်ရင်း ခြေရာကို ချင်းလို ချမ်းလို့ခေါ်ရင်း နောက်တော့ ချင်းလို့မှတ်သားသွားရတာတဲ့"

"ဖြူသွယ်. . . နင်က ဒီလိုကလေးပုံပြင်တွေရော ကြိုက်တတ်သလားဟင်"

"အိုး. . . ကြိုက်တယ်တော့ ဘယ်ဟုတ်မလဲ၊ နင်တို့လို မသိတဲ့သူတွေကို ဆရာ လုပ်ချင်တဲ့အခါတော့ အသုံးဝင်တာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ဖြူသွယ်က ခပ်စွာစွာလေး သုတကို ပြန်ဖြေတော့ ကျွန်မ နှုတ်ခမ်းကွေးရုံ ပြုံးမိပါတယ်။

ဒီလိုနဲ့ ဖြူသွယ်ရဲ့ပုံပြင်ကို နားထောင်ရင်း တောတွေ၊ ရွာလေးတွေကို တဖြည်းဖြည်း ဖြတ်ကျော်လာခဲ့တယ်။ ရွာလို့သာခေါ်ပေမဲ့ အိမ်ခြေကတော့ သိပ်မများလှပါဘူး၊ တချို့အိမ်တွေက ကားလမ်းကျဉ်းလေးရဲ့ဘေးမှာ ကပ်ဆောက်ထားတာမျိုးပါ။ ဆောင်းနံနက်မို့ တိမ်ရိပ်တိမ်ငွေ့တွေ ရောယှက်အုံ့မှိုင်းနေတာလဲ ဆွဲဆောင်မှုတစ်ခုပါပဲ။ ထုံးစံအတိုင်း ပြည့်စုံနဲ့ ထွန်းကျော်ကတော့ ငြိမ်သက်သက်၊ သုတလည်း နားကြပ်တပ်ပြီး ဟိုင်းေဒီတွေးပေါ့။ အေးစက်စက် ချမ်းစိမ့်နေတဲ့ ဒီအချိန်မှာ ကော်ဖီ ခါးခါးဆိမ့်ဆိမ့်လေး တစ်ခွက်လောက်တော့ သောက်ချင်တယ်လို့ တွေးမိပြန်တယ်။ မဖြစ်နိုင်တဲ့အချိန်မို့ ကျွန်မအတွေးတွေကို ကော်ဖီခါးခါး ဆိကနေ ရှုမြင်ကွင်းလှလှတွေဆီသို့သာ ပို့လိုက်တယ်။ ရင်နည်းနည်း ပူသလိုပဲမို့ အေးစိမ့်စိမ့် တိုးဝင်နေတဲ့လေတွေကြားမှာပဲ ရေကလေးနည်းနည်းလောက် သောက်လိုက်တော့ ရင်ထဲအနည်းငယ်အေးသွားပါတယ်။

ရယ်မောသံတချို့နဲ့ နားမလည်တဲ့ ရိုးရာဘာသာစကားသံများဟာ ကားထဲမှာ ပြည့်လျှံနေတယ်။ ဖြူသွယ်က သူ့ရဲ့အိတ်ထဲက ချိုချဉ်တချို့ကို ထုတ်ပြီး ကျွေးပြန်တယ်။

ဒီတစ်ခါတော့ အနီးအနားက ခရီးသည်တွေကိုပါ ဝေငှလိုက်တော့ ချိုချဉ်အိတ်ကလေးထဲက ချိုချဉ်တွေဟာ ခပ်မြန်မြန် ကုန်သွားပါတယ်။ ဖြူသွယ်ကတော့ အပြုံးတွေ လက်ဆောင်ပြန်ရပါတယ်။ ဒီလိုနဲ့ ကျွန်မတို့ ကန်ဇွန်းမရွာရဲ့ တစ်ခုတည်းရှိတဲ့ စားသောက်ဆိုင်မှာ ကားရပ်နားပါတယ် ။

"ငါ မုန့်ဟင်းခါးစားမှာ"

"ဟေ့ကောင်. . . ဒီခရီးကို လိုက်မယ်ဆို အစားအသောက် ကြေးမများရဘူးလို့ ပြောပြီးသားနော်"

"အင်းပါ၊ ငါ ဘာပြောလို့လဲ။ မုန့်ဟင်းခါး စားရရင် ကောင်းမယ်လို့ပဲ ပြောတာလေ"

သုတဟာ စားပွဲခုံကို တစ်သျှူးနဲ့ အခါခါသုတ်ရင်း "မုန့်ဟင်းခါးတစ်ပွဲ၊ အိုးဘဲဥနဲ့ ရှိသမျှအကြော် အကုန်ထည့်ပေးနော်" လို့ ခပ်သွက်သွက် မှာလိုက်ပါတယ်။

"မုန့်ဟင်းခါး မရဘူးရှင့်၊ ဒီဆိုင်မှာ ထမင်းကြော်နဲ့ ကြက်ဥကြော်၊ ထမင်းဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ ကြက်သားဟင်း နှစ်မျိုးပဲရတယ်"

ရေနွေးငှဲ့သောက်ရင်း ထွန်းကျော်ဟာ သုတကိုကြည့်လို့ တခွိုးခွိုး ရယ်ပါတယ်။ နောက်ဆုံးတော့ ရွေးချယ်စရာမရှိလို့ ရနိုင်တဲ့ Menu နှစ်မျိုးစလုံးကိုပဲ မှာလိုက်ပါတယ်။

"ကြက်ဥပြုတ် ၅ လုံးပါ ထပ်ပေးပါနော်"

"ဘာအတွက်လဲဟ"

အားလုံးရဲ့အကြည့်တွေ ဖြူသွယ့်ဆီ အရောက်မှာတော့. . .။

"နင်တို့ လမ်းမှာဆာရင် စားရအောင်ပေ့ါဟဲ့"

ဗိုက်ဆာဆာနဲ့ စားမယ်လို့ တွေးထားပေမဲ့ ထမင်းဆန်သားဟာ မကောင်းလှဘူး ဖွယ်တယ်တယ်နဲ့။ ကြက်သားကလည်း ပိန်လိုက်တာဟယ် အရိုးကြီးပဲလို့ သုတက ခပ်ညည်းညည်းဆိုပြန်တယ်။ ဘာပဲဖြစ်ဖြစ် စားလို့ရတာရှိရင်ပဲ တော်ပြီပေ့ါလို့ ပြည့်စုံက ဝင်ပြောရင်း "ဖေဖေ့ကို တွေ့ချင်လှပြီဟာ" တဲ့။

ပြည့်စုံကို လှမ်းကြည့်မိတော့ မျှော်လင့်နေတဲ့မျက်ဝန်းတွေ။ သူဒီနေ့ရက်ကို ရောက်ဖို့ အားတင်းထားခဲ့တာ မဟုတ်လား။ ကျွန်မတို့ ဒီခရီးရဲ့ အဓိကရည်မှန်းချက်က ပြည့်စုံရဲ့ဖေဖေကို တွေ့ဖို့လေ။ ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်က ခရီးပေါက်ဖို့၊ အစားကောင်းဖို့မှ မဟုတ်တာ။ ပြည့်စုံရဲ့ စကားကို ထပ်ကာကြားပြီးနောက်မှာ တိမ်တွေတောင်တွေကြားက ဘတ်စ်ကားအိုလေးပေါ်ကို ပြန်တက်ကြရင်း လွင့်မျောနေသော မိုးတိမ်တွေကိုသာ စီးမိုးကာ ငေးကြည့်နေခဲ့မိပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

နတ်မတောင်ဆိုတာ မြန်မာပြည်ရဲ့ အကျော်ကြားဆုံး တောင်တွေထဲက တစ်တောင်ပေါ့။ ချင်းပြည်နယ် တောင်ပိုင်းကန်ပက်လက်၊ မင်းတပ်၊ မတူပီ သုံးမြို့နယ်ထဲမှာ ရှိတာပါ။ ချင်းပြည်နယ်တောင်ပိုင်းက မြို့တွေကို ငုံ့ကြည့်လို့ရတဲ့ ပေ ၁၀၅၀၀ မြင့်တဲ့တောင်ကို လှလှလေး အမည်မှည့်ခေါ်တော့ ခေါနုသုမ် တဲ့။ အမျိုးသားဥယျာဉ်ဆိုပြီး မြေဧကပေါင်း များစွာကို နိုင်ငံတော်အဆင့် ထိန်းသိမ်းထားရတဲ့၊ ရုက္ခဗေဒလေ့လာမှု၊ ငှက်တွေ လေ့လာမှုအတွက် နိုင်ငံတကာ ပညာရှင်တွေကပါ အားထားရတဲ့ အလွန်အေးချမ်းသာယာတဲ့ နယ်မြေ။ အဲ့ဒီ နယ်မြေမှာ ပြည့်စုံရဲ့ဖေဖေ နေထိုင်ပါတယ်။ မှတ်မိစအရွယ်ကတည်းက တစ်ခါမှ မတွေ့ဆုံဖူးတဲ့ ဖခင်ဟာ အသက်ရှင်လျက်ရှိတယ် ဆိုတာကို လွန်ခဲ့တဲ့ တစ်လခန့်ကမှ သိခွင့်ရတဲ့ ပြည့်စုံအတွက် ဒီခရီးစဉ်ဟာ စိတ်လှုပ်ရှားဖွယ်အတိပါပဲ။

တောင်တက်ခရီးစဉ်ရဲ့အစဟာ ကန်ဇွန်းမရွာကလေးကနေ စပါတယ်။ လမ်းဟာ အတော်ကို ကျဉ်းတယ်။ ကားတစ်စီးနဲ့တစ်စီးဆုံရင် ကျွမ်းကျင်စွာ မောင်းနှင်တတ်မှပဲ ရှောင်နိုင်မယ်။ မိုးတွင်းဘက်ဆိုရင် လမ်းဟာ ပျက်စီးပြီး သွားလာရေး ပိုခက်ခဲလိမ့်မယ်။ ဆောင်းနေ့လယ်ရောက်တာတောင် မြူနှင်းတွေထူလို့ သိပ်သည်းနေတုန်းပဲ။ ကျွန်မတို့က ဘယ်ဘက်ခြမ်းမှာထိုင်တော့ တောင်ပတ်လမ်းကိုပဲ မြင်ရတယ်။ ချောက်တွေ၊ ကမ်းပါးတွေရှိတဲ့ဘက်ဆို ပိုပြီး အသည်းယားစရာကောင်းမှာလို့

mgyoe.com

mgyoe.com SAMPLE BOOK

ဖြူသွယ်က ကျွန်မကို ကပ်ပြောတယ်။

တောင်ခါးပန်းမှာ တိမ်တွေရုံနေတဲ့ ချင်းတောင်တန်းကို အကွေ့မှာ လှမ်းမြင်ရတယ်။ ကားအိုကလေးဟာ တအိအိနဲ့ အရှိန်ပြင်းပြင်းလေထဲမှာ ရုန်းကန်မောင်းနှင်နေတုန်းပဲ။ ပိုပြီးအေးစိမ့်တဲ့လေတွေ ကားထဲ ဒလဟောဝင်လာတယ်။ မတ်စောက်တဲ့ ချောက်တွေကိုလည်း ကားအိုကြီးဟာ ကွေ့ကွေ့ဝိုက်ဝိုက်နဲ့ မောင်းနှင်နေရတယ်။ တောင်ကိုပတ်၍ ကွေ့တိုင်း ကားဟွန်းသံကိုတော့ ခပ်ကျယ်ကျယ် တီးရတာပေါ့။ မျက်နှာချင်းဆိုင်မှာ ကားတစ်စီးပေါ်လာတော့ ကားကို အရှိန်လျှော့ပြီး တိမ်းရှောင်လိုက်တယ်။ ဒါပေမဲ့ ကားဟာ မြေသားပျော့တဲ့နေရာမှာ ရှောင်မိတယ် ထင်ပါရဲ့ ယာဉ်မောင်းထိုင်နေတဲ့ဘက်ခြမ်းက အိခနဲပြိုဆင်းခြင်းနဲ့အတူ လေထဲမှာ ခေါင်းခန်းထိပ်ဟာ ဝဲနေသလိုပဲ။

"အား. . ."

ကားထဲက အော်သံတွေထဲမှာ သုတရဲ့အသံက အကျယ်ဆုံး ဖြစ်မယ်ထင်တယ်။ ကျွန်မ နှလုံးခုန်သံဟာလည်း မြန်လွန်းလို့ ပြောမပြတတ်ဘူး။ ကြောက်လိုက်တာ၊ အသက်ရှုရပ်မသွားအောင် မနည်းသတိထားလိုက်ရတယ်။ ဖြူသွယ်ဟာလည်း ကျွန်မလက်ကို ဆုပ်ကိုင်ထားရင်း တဆတ်ဆတ်တုန်နေရှာတယ်။

"အမေရေ. . ."

လွှတ်ခနဲ အော်ဟစ်ပေမဲ့ ကျွန်မအသံဟာ ထွက်မလာခဲ့ပါဘူး။ ကားဆရာဟာ ဟန်ချက်ထိန်းဖို့ နောက်ပြန်ဆုတ်ဖို့ကြိုးစားပေမဲ့ တစ်ခုခုဖြစ်မှာ သူလည်း စိုးရိမ်နေဟန်တူပါတယ်။ ကလေးတွေရဲ့ ဟစ်ငိုသံတချို့နဲ့ ဘာသာဗေဒ မတူပေမဲ့ အော်ဟစ် အကူအညီတောင်းသံ၊ ငိုသံပါနဲ့ ပြောစကားတွေဟာ တူညီတဲ့အခြေအနေတွေပါပဲ။ ကျွန်မတို့ ဟစ်အော်နေတုန်း ပတ်ဝန်းကျင်ကနေ ကျယ်လောင်တဲ့ အသံတစ်သံကို ကြားရပါတယ်။

"ငြိမ်ငြိမ်လေးနေနော်၊ လုံးဝ မလှုပ်နဲ့"

အသံကြားရာကို လှမ်းကြည့်လိုက်တော့ ညာဘက်တံခါးပေါက်နားမှာ ကပ်ထိုင်တဲ့ စပယ်ယာနဲ့ ပြည့်စုံဟာ မြေပြင်ပေါ်မှာ ရောက်နှင့်နေပြီ။ ကျွန်မရော၊ ဖြူသွယ်သာမက သုတပါ မျက်ရည်တွေ စိမ့်ဝဲလို့နေတယ်။ ထွန်းကျော်ကလည်း ထွက်ပေါက်နဲ့ အနီးဆုံးမှာ။ တစ်ခုခုဆိုရင် သူက အလျင်အမြန် ခုန်ချလို့ အဆင်ပြေလောက်တယ်။ ကားပေါ် ရှိခရီးသည်အားလုံးရဲ့ သွေးရူးသွေးတန်း အခြေအနေမှာပဲ ကားစပယ်ယာရဲ့အော်ဟစ်သံ၊ အမိန့်ပေးသံတို့ကို ကြားအပြီးမှာ တစ်ခဏ ငြိမ်သွက်

mgyoe.com

mgyoe.com SAMPLE BOOK

သွားပါတယ်။

မျှော်လင့်ချက်တဲ့. . . အသက်ရှင်ဖို့ မျှော်လင့်ချက်ဟာ ၅၀/၅၀ ပါပဲ။
ပြုတ်ကျသွားနိုင်တယ်။
ချောမွေ့သွားနိုင်တယ်။
မျှော်လင့်ချက်အတွက် ကျွန်မတို့ ကူညီနိုင်တာတစ်ခုပဲ ရှိပါတယ်။
တိတ်တိတ် ငြိမ်ငြိမ်လေး ဆက်ထိုင်သွားဖို့ပါ။
တိမ်တွေနဲ့ လွင့်မျောမသွားစေဖို့
တောင်ဇလပ်တွေကို ထိတွေ့ခွင့်ရစေဖို့ပေါ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း ၂

# စိတ်လှုပ်ရှားဖွယ်ရပ်ဝန်း

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

ချင်းတောင်တန်းတစ်နေရာ။

ထူးပြည့်စုံလွန်း

"ဆွဲဆရာရေ" လို့ ကျွန်တော့်နံဘေးမှာ ထိုင်နေတဲ့ ကားစပယ်ယာရဲ့ ဟစ်အော်သံနဲ့အတူ ယာဉ်မောင်းရဲ့ ကားဂီယာထိုးအထွက်မှာ ဘီးသည် မြေပျော့ ဘက်သို့ ယိုင်ဆင်းသွားဟန် တူပါတယ်။

ထိုအခြေအနေမှာပဲ "ပြတင်းဝမှ တွဲလဲခိုနေတဲ့ စပယ်ယာဟာ ခပ်သွက် သွက် ခုန်ချလိုက်တယ်။ သူနဲ့အတူ ကပ်ထိုင်နေတဲ့ ကျွန်တော်လည်း အခြေ အနေကို ဘာမှန်းမသိခင် မြေပြင်ကို အလိုလို ခုန်ဆင်းပြီးသား ဖြစ်သွားတယ်။ စက္ကန့် ပိုင်းအတွင်း ကားဟာ ဘီးချော်လို့ ကျလုလု အချိန်လို့ သိရတဲ့အခါ ကျွန်တော် တော်တော့်ကို စိတ်ညစ်သွားတာပါပဲ။ ရှေ့ကလူတွေ ပြေးဆင်းလိုက်တာနဲ့ ကားဟာ လိမ့်ဆင်းသွားမလား၊ ကားပေါ် ကလူတွေ အကုန်ဆင်းနိုင်ရင်တောင် ဒရိုင်ဘာက တော့ ဆင်းလာနိုင်ပါမလား။ အတွေးတွေ၊ စိတ်အပူတွေနဲ့အတူ ကားထဲက သူငယ်ချင်းတွေသာ တစ်ခုခုဖြစ်သွားရင် ကျွန်တော် ဆက်လက်အသက်ရှင်လည်း အလကားပဲ ဆိုတာ တွေးရင်း မွန်းကျပ်လွန်းလှပါတယ်။ ဘဝမှာတစ်ခါမှ ဒီလိုမျိုး စိတ်မပင်ပန်းခဲ့ဖူးပါဘူး တကယ်ပါ။

ပြည့်စုံရေ. . . လို့ အော်ဟစ်နေတဲ့ သူငယ်ချင်းမနှစ်ယောက်ကို ဘယ်လို

mgyoe.com

mgyoe.com SAMPLE BOOK

ကယ်တင်ရမှန်း ကျွန်တော် မသိတဲ့အခါ ကားပေါ်ကို ပြန်တက်ဖို့ ကျွန်တော် ကြိုးစားမိတယ်။ စပယ်ယာကလည်း ကျွန်တော့်ကို ပြန်လို့ဆွဲထားပြန်တယ်။ အခက်အခဲနဲ့ တွေ့ကြုံနေကျ၊ သတိအပြည့်ရှိတဲ့ စပယ်ယာဟာ မလှုပ်နဲ့လို့ ကားပေါ်က ခရီးသည် အားလုံးကို ခပ်မာမာ သတိပေးလိုက်တယ်။ ကံကောင်းစွာနဲ့ ကျွန်တော်တို့ ကားကို ရှောင်ပြီးမောင်းသွားတဲ့ တခြားကားပေါ်က လူတော်တော်များများဟာ အပြေးလေး ဆင်းလာကြတယ်။ ကားကို ဆွဲထားတဲ့သူတွေအပြင် ကြိုးတွေ၊ ပစ္စည်းတွေနဲ့ တောင်ပေါ်လမ်းမှာ အထောက်အကူပြုနေကျ သူတွေအတိုင်း ခပ်သွက်သွက် လှုပ်ရှားကြတယ်။

ကားကို တဖြည်းဖြည်းဆွဲယူပြီး ကားဘီးနဲ့ မြေမှာ ထိတွေ့သည့်အခါမှ ကျွမ်းကျင် ကားသမားဟာ ဂီယာထိုး၍လမ်းမထက်သို့ မောင်းတင်လိုက်တယ်။ ကားစက်သံ ပြန်လည်ထွက်ပေါ်လာပြီး ကားပေါ်ကလူတွေရဲ့ ဟေးခနဲ ပျော်ရွှင်စွာ အော်ဟစ်သံကြားမှ ကျွန်တော် အသက်ဝဝရှူနိုင်တယ် ထင်ပါတယ်။ ကားပေါ်ကနေ မွန်းကျပ်လို့ ကသောကမျော ဆင်းလာတဲ့ လူအုပ်ကြီးကို အောက်ဘက်က တောင့်ခံပေးထားတဲ့ လူတွေက အပြေးဖက်ပြီး အားပေးကြတယ်။ သုတဟာ အော်ဟစ်ပျော်ရွှင်ရုံတင်မကဘဲ ရန်ကုန်ကနေ သယ်ယူလာတဲ့မုန့်တွေ၊ အအေးဘူးငယ်တွေ ထုပ်ထားတဲ့ အထုပ်ကိုဖောက်ပြီး ကားနှစ်စီးက လူတွေကို ဝေငှနေလိုက်တာ။

ခရီးသည်တွေ အားလုံးဟာလည်း ပျော်နေလိုက်ကြတာ၊ တစ်စုံတစ်ယောက်မှ ထိခိုက်နာကျင်မှုမရှိဘဲ သေဘေးကနေ လွတ်မြောက်သွားတာဟာ ပျော်ရွှင်စရာ အကောင်းဆုံးပဲ မဟုတ်လား။ ကျွန်တော့်ရင်ထဲက တလှပ်လှပ်မောဟိုက်ကာ တုန်ယင်နေပြီး ခံစားရတဲ့ ပီတိကို မဖော်ပြတတ်တော့ပါ။

မာကျောကျစ်လျစ်သော တောင်နံရံဟာ ဆောင်းနှင်းမှုန်များအောက်တွင် ခပ်မတ်မတ်လေး ရပ်တည်နေပါတယ်။ ပျိုနီရော၊ ဖြူသွယ်ပါ တောင်နံရံကိုမှီလို့ အမောပြေထိုင်ရင်း ဖြူသွယ်က ကျွန်တော့်ကို ခပ်စွာစွာလေး စကားဆိုတယ်။

"အမလေး. . . ပြည့်စုံရယ် ငါ့မှာ အသက်အပိုပါမှန်း အခုမှ သိတော့တယ်"

ကျွန်တော်လည်း တည်ငြိမ်ပျော်ရွှင်နေတဲ့ အခြေအနေကို ကြည့်နေ ရင်း ဖြူသွယ်ပြောတဲ့စကားကို အံ့ဩစွာ နားထောင်မိပြန်တယ်။

"ဟမ်. . . ဘယ်လို"

"အသက်က အပို မရှိပါဘူးဟ"

mgyoe.com

mgyoe.com SAMPLE BOOK

"အို. . . အရင်အသက်က စောစောကတည်းက ထွက်သွားပြီးပြီ။ လိပ်ပြာတွေလည်း လွင့်ကုန်ပြီ။ အခုမှ အသက်က အသစ်ပြန်ရတာ သိလား။ နင်ဟာ မြေပြင်ပေါ်မှာ ရှိနေတဲ့သူဆိုတော့ နားလည်ပေးမှာမဟုတ်ဘူး ပြည့်စုံ"

ဖြူသွယ်ဟာ ပါးနှစ်ဖက်ကိုဖောင်းနေအောင် စူကာ လေကို အငမ်းမရ ရှူရင်း မကျေမနပ် ပြောတော့တာပဲ။ နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့ကြသူတွေမို့ ဝမ်းနည်းကြောက်ရွံ့တဲ့စိတ်တွေနဲ့ ထိုးနှက်ပြီးပြောတဲ့ စကားလို့ နားလည်ပေမဲ့ ကျွန်တော် ဘာမှတော့ ပြန်မပြောနိုင်ခဲ့ပါ။ ဖြူသွယ်ဟာ ကျွန်တော့်ကိုရော ထွန်းကျော်ကိုပါ ဂျိုကြည့်ကြည့်ကာ ပွစိပွစိ ပြောလို့ မဆုံးတော့ပါ။

"ဟိုအကောင် သုတဆိုတာလဲ မလှုပ်နဲ့ဆိုတဲ့ အခြေအနေမှာတောင် ပြတင်းပေါက်ကနေ ခုန်ချဖို့ ညာဘက်ကို တရွေ့ရွေ့နဲ့ နေရာရွှေ့နေသေးတာ။ ငါတို့ကိုလည်း လက်တို့ပြီးရော မျက်ရိပ်ပြပြီးရော ရွှေ့ဖို့ခေါ်သေးတာ။ ငါတို့ နှစ်ယောက်သား ရွှေ့လိုက်ရင် တစ်ခုခုဖြစ်မှာစိုးလို့ မလှုပ်ရဲဘူး"

"နင်သယ်လာတဲ့ ကြက်ဥတွေကြောင့် ပိုလေးနေတာဖြစ်မှာပေါ့။ ဒါကြောင့် လှုပ်မရတာလေ"

"တစ်ကိုယ်ကောင်းဆန်တဲ့ ကောင်စုတ်၊ နောက်တစ်ခါ ဗိုက်ဆာတယ်လို့ ငါ့ကို လာမပြောနဲ့"

တဟားဟား အော်ရယ်နေတဲ့ သုတကို ဖြူသွယ်က ပဝါထုံးနဲ့ ပစ်ပေါက်လိုက်တယ်။ သူတို့ရဲ့ ခပ်ဟီးဟီးရယ်သံတွေ ထွက်လာပေမဲ့ ကျွန်တော့်စိတ်ထဲတော့ နင့်ကနဲ ပို၍နာကျင်သွားသလိုပဲ။ အဲဒီအခြေအနေမှာ သူတို့သာမြေအောက်မှာရှိပြီး ကျွန်တော် ကားပေါ်မှာရှိနေရင် ပိုကောင်းမှာ မဟုတ်လား။ လက်နှစ်ဖက်လုံးနီရဲ ပြုတ်ထွက်မတတ်တော့ ကားကို ဆွဲထားခဲ့ပါတယ်။

ကန်ပက်လက်လွန်ရင်တော့ ရှေ့ဆက်ရမယ့် ခရီးကြမ်းအတွက် ကာကွယ်ပေးမယ့် ကျွန်တော့်ဖေဖေ ရှိမှာပါ။ သူငယ်ချင်းတွေကိုလည်း ဒီခရီးကြမ်းမှာ အထိအခိုက် မခံနိုင်ပါဘူးလို့ တွေးရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ကားပေါ်ကို လူစုံစွာတက်ရောက်ပြီးလို့ တအိအိ ပြန်လည်ထွက်ခွာတဲ့ အခါမှာတော့ တော်တော်များများဟာ ပင်ပန်းလို့ ငိုက်မြည်းနေကြတယ်။ ကျွန်တော်ကတော့ ကားဆရာရော၊ စပယ်ယာရော အိပ်မငိုက်စေဖို့ အန္တရာယ်နည်းပါးစေဖို့ စကားစမြည်ပြောရင်း ခရီးဆက်ခဲ့ပါတယ်။

"အရင်ကတော့ လမ်းတွေကလည်းပိုဆိုး၊ သွားလာရေးလည်း ခက်ခဲတော့ ကားမောင်းရတာ အမြဲလို တထိတ်ထိတ်ပဲ။ အခုနောက်ပိုင်းတော့ လမ်းတွေ တော်တော်ကောင်းလာတော့ သွားရလာရ၊ ရောင်းရဝယ်ရတာ သိပ်ကောင်းလာတယ်"

ကားဆရာဟာ အတွေ့အကြုံများသလို ဗဟုသုတလည်း စုံပါတယ်။ တောင်ပိုင်း ချင်းတောင်ခရိုင်မြို့တော် ဖြစ်လာမယ့် ကန်ပက်လက်မြို့ကို (၁၉၊ ဖေဖော်ဝါရီ၊ ၁၈၉၉) မှာ စတင်တည်ဆောက်ခဲ့ပါတယ်တဲ့။ တစ်ဖက်က မြင်ရတဲ့ ချောက်ကမ်းပါးမှာ ဝဲပျံနေတဲ့ငှက်တွေကိုလဲ အဲ့ဒါ ဝတ်ရည်စုပ် ငှက်မြီးရှည်လေလို့ ရှင်းပြသေးတယ်။

"ဗမာစကားလည်း နားလည်တဲ့၊ ပြောတတ်တဲ့ ဒေသခံတွေ များလာသလို၊ ဧည့်သည်တွေလည်း နတ်မတောင်ကို အများကြီး လာကြတယ်။ ငှက်လာကြည့်တဲ့ နိုင်ငံခြားသားတွေလည်း အများကြီးပဲ"

ကားစပယ်ယာ အစ်ကိုကြီးကလည်း ကွမ်းတမြုံ့မြုံ့ဝါးရင်း ရှင်းပြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရန်ကုန်က လာကြတာလား" လို့လည်း မေးခွန်းဆက်တယ်။

ခေါင်းညိတ်ကာ ဟုတ်ကဲ့လို့ ဖြေလိုက်တော့ သူက ရန်ကုန်ကိုတော့ ကျွန်တော် မရောက်ဖူးဘူးဗျတဲ့။ အဝေးဆုံးရောက်ဖူးတာ စလေပဲ ပြန်ဖြေရင်း ချင်းလို ကားဆရာကို စကားဆက်ပြောပြန်တယ်။

တောင်ပေါ်အမြင့်ရောက်တဲ့အချိန်မှာ နေဟာ တောက်တောက်ပပ သာနေပြီ၊ နှင်းမြူတွေလည်း ရှင်းသွားပြီ။ တောင်တန်းတွေရဲ့ ထိပ်စွန်းမှာ နေရောင်ဖြာကျလာတဲ့မြင်ကွင်းဟာ အတော့်ကို လှပလွန်းတယ်။ လမ်းခရီးမှာ ပန်းရောင်ချယ်ရီတွေလည်း ပွင့်နေပြီ။ ဒါပေမဲ့ ဒီကားပေါ်မှာ ကျွန်တော်တစ်ယောက်သာ စကားပြောရင်း၊ ကျွန်တော်တစ်ယောက်သာ တွေးရင်း စီးနှင်လာရတယ်။

ကျန်တဲ့သူတွေ အကုန်ငိုက်နေကြပြီ။ စလေမှ ကန်ပက်လက်ကို ၆ နာရီခရီးဆိုပေမဲ့ ကားပြဿနာအခက်အခဲကြောင့် ပိုပြီးကြန့်ကြာသွားတာမို့ ဖေဖေတော့ မျှော်နေတာ လည်ရှည်နေမှာပဲလို့ တွေးမိပြန်တယ်။ နေမဝင်ခင်တော့ ရောက်မယ် ထင်ပါတယ်။

ဖေဖေလို့ တမ်းတလိုက်တိုင်း အသက်ရှင်နေတယ်လို့ သိလိုက်ရတဲ့အချိန်ဟာ ခွန်အားတွေ ဘယ်လောက်များပါလိမ့်၊ ဒါပေမဲ့ အချိန်ဟာ အရမ်းကိုနည်းပါးလွန်းနေပြီ။ ဖေဖေဟာ နေမကောင်းလှဘူး။ ဒီအခြေအနေရောက်မှ အသိပေးတဲ့ မေမေ့ကိုလည်း ကျွန်တော် အပြစ်တင်ခွင့်မရှိပါ။

မေမေ့မျက်မှောင်ကြုတ်ရင်တောင် ကျွန်တော် မနေတတ်ခဲ့ပါ။ ထူးပြည့်စုံလွန်း ဆိုတဲ့ နာမည်နဲ့ လိုက်အောင်လည်း မေမေက ကျွန်တော့်ဘဝကို ပြည့်စုံအောင် ကြိုးစားပေးခဲ့တာ။ ငယ်ငယ်ကတည်းက ဖေဖေလို့မေးရင် သေဆုံးသွားပြီလို့ပဲ သိခွင့်ရခဲ့တာ။ မေမေ့အပြုံးတွေဟာ အမြဲလို မာကျောလွန်းတာ၊ သားယောကျ်ားလေး၏ မိခင်ပီသစွာ မေမေဟာ ထက်မြက်လွန်းပါတယ်။ မေမေ ငိုတာကို ကျွန်တော် ဘဝမှာ တစ်ခါမှ မမြင်ခဲ့ဖူးပါ။ ဖေဖေ့အကြောင်းပြောတဲ့ ထိုနေ့ကတော့ မေမေ့ မျက်ဝန်းမှာ မျက်ရည်စတချို့ စွန်းထင်းနေခဲ့ပါတယ်။

ဒီမြို့သေးသေးလေးမှာ ဖေဖေဟာ ဘာကြောင့် အကြာကြီးနေရတာလဲ၊ ကျွန်တော့်ကို ဘာလို့ တစ်ခါမှ လာမတွေ့ရတာလဲ ဖေဖေလို့တော့ ဖက်ပြီး မေးခွင့်ရချင်သေးတယ် မဟုတ်လား။ သူငယ်ချင်းတွေရှေ့မှာ အသက်အကြီးဆုံး ကျွန်တော်ဟာ ကလေးအရမ်းဆန်သွားမလားလို့လည်း မတွေးမိပါဘူး။ သူတို့က ကျွန်တော့် ဘဝရဲ့ နားအလည်နိုင်ဆုံးလူတွေပဲလေ။

mgyoe.com

mgyoe.com

ကျွန်တော်တို့ဟာ အလယ်တန်း ကျောင်းသူကျောင်းသား ဘဝကတည်းက အတူတူ ကြီးပြင်းခဲ့တာ။ ဗိုလ်တထောင်ကျောင်းမှာ အတန်းတူ၊ အခန်းတူ။ တက္ကသိုလ် တက်တော့လည်း မေဂျာသာ ကွဲသွားတာ ညနေကျောင်းဆင်းရင် အတူ ဆုံပြီးမှ ပြန်နေကြ။

မြို့ထဲနေကြသူတွေမို့ လမ်းနံပါတ်တွေကွဲပေမဲ့ ရပ်ကွက်ကအတူတူ၊ နွေရာသီဆို သုတဖေဖေ ဆရာဝန်ကြီးပြောင်းတဲ့နယ်တွေတိုင်း သူငယ်ချင်း ၅ ယောက် အမြီးတန်းလို့ လိုက်လည်နေကြ။ ကျွန်တော့်မေမေဖွင့်ထားတဲ့ စတိုးဆိုင်မှာ အမြဲဈေးကူရောင်းပေးနေကြ။ ချောင်းသာ၊ ကျိုက်ထီးရိုး ခရီးတိုတွေ အမြဲအတူသွားနေကြ။ ထွန်းကျော်နဲ့ သုတ မောင်းတဲ့ကားကို လိုင်စင်မရခင်ကတည်းက မကြောက်မလန့် ဟစ်အော် ဆူပူရင်း လိုက်စီးနေကြ။ ပတ်ဝန်းကျင်ကို အတူရင်ဆိုင်နေကြ။ ဒါကြောင့်လည်း တစ်သွေးတည်း ပေါင်းစပ်နေသော အုပ်စုတစ်စု ဖြစ်လာခဲ့တာလို့ ထင်ပါရဲ့။

စူးစမ်း လေ့လာချင်ကြတာလည်းအတူတူ၊ ရယ်မောမေ့ပျောက်လွယ်ကြတာလည်းအတူတူ၊ ဖြူသွယ်နဲ့ ပျိုနီဟာမိန်းကလေးတွေဆိုပေမဲ့ အမြင့်ခုန်ချင်တာ၊ ကြက်တောင်ရိုက်ချင်တာ၊ မိတ်ကပ်လူးရမှာ ပျင်းတာ၊ အစားလုစားရတာ နှစ်သက်တဲ့ မိန်းကလေးမျိုးတွေ။ မော်ဒယ်လ်ဖြစ်ချင်တဲ့ သုတက သူတို့ နှစ်ယောက်ထက် ပိုပြီး Skin Care နဲ့ Cosmetics အကြောင်း ရှင်းပြနိုင်မယ် ထင်ပါတယ်။

ပျိုနီအသားအရောင်က အနည်းငယ်ညိုပေမဲ့ ညက်ညက်လေးနဲ့ ဝင်းဝင်းလေး။ ဖြူသွယ်အသားအရောင်ကလည်း နို့နှစ်ရောင်သန်းနေသလို ဖြူပြီး ကြည်နေတာ။ ပျိုနီအရပ်ကတော့ ၅ ပေ ၄ လက်မ ထင်တယ်၊ သူ့ပုံစံလေးက ရှည်သွယ်သွယ်နဲ့ မျက်နှာလေးက ဘိုဆန်သလို၊ ဖြူသွယ်အရပ်ကတော့ အနည်းငယ် ပုပေမဲ့ မျက်နှာလေးက ကလေးတစ်ယောက်လို ချစ်စရာကောင်းတာပါပဲ။ ပခုံးပေါ် ခပ်ဝဲဝဲ ဆံပင် မတိုမရှည်ကတော့ နှစ်ယောက်လုံး ဆင်တူထားဟန်တူတယ်။

ယောက်ျားလေး သုံးယောက်မှာ ကျွန်တော်က အသက်တစ်နှစ်ပိုကြီးပြီး၊ သုတက အရပ်အရှည်ဆုံးနဲ့ ရုပ်အချောဆုံး၊ ထွန်းကျော်ကတော့ စာအတော်ဆုံး ဉာဏ်အကောင်းဆုံး ဖြစ်တယ်။ ကျွန်တော်တို့ ၅ ယောက်စလုံး နောက်ဆုံးနှစ်ကျောင်းသားတွေဖြစ်ပြီး မကြာခင်မှာ လုပ်ငန်းခွင်ဝင်ဖို့၊ နိုင်ငံခြားမှာ ကျောင်းဆက်တက်ဖို့ ပြင်ဆင်နေကြတဲ့ နှစ်ဆယ် မပြည့်တပြည့် ဆယ်ကျော်သက်တွေပေါ့။ ကျွန်တော်တို့အားလုံးမှာ တူညီတဲ့အချက် တစ်ချက်မကရှိတာလည်း သေချာပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ အတူညီဆုံးကတော့ ခရီးသွားခြင်းနဲ့ သဘာဝတရားကို မြတ်နိုးခြင်းပါပဲ။

ကျွန်တော့်အတွေးတွေမဆုံးခင်မှာဘဲ ကန်ပက်လက်မြို့အဝင်က ကားဆရာကြီးရဲ့အိမ်မှာ ကားကို ခဏရပ်နားပါတယ်။

"မင်းတို့ရန်ကုန်အဖွဲ့ နာရီဝက်လောက်နားဦး။ ငါတို့ကားပေါ်က ခရီးသည်တွေက ဒီမှာ ဆင်းမှာများတယ်၊ ပစ္စည်းတွေလည်း ချရဦးမယ်၊ ပြီးမှ မင်းတို့နားမယ့်ဟိုတယ်ဘက် လိုက်ပို့မယ်"

ကားဆရာကြီးစကားအဆုံးမှာ အကုန်နိုးလာကြပြီး ခြံဝင်းအတွင်းသို့ အပြေးလေးဆင်းကြပြန်ရော။ ကားဆရာကတော် ဧည့်ခံတဲ့ ကောက်ညှင်း ပူနွေးနွေးကို ဖြူသွယ်သယ်လာတဲ့ ကြက်ဥပြုတ်နဲ့ တဝစားပြီး ခြေဆန့်ကာ အနားယူကြပါတယ်။

ခြေဆန့်လက်ဆန့်အနေနဲ့ ခြံအရှေ့ဘက်လျှောက်သွားကြတော့ ရိုးရာအဝတ်အထည်ဆိုင်တစ်ဆိုင်၊ အလှပြင်ဆိုင်တစ်ဆိုင်နဲ့ ထောပတ်သီးရောင်းတဲ့ ဆိုင်တစ်ဆိုင်သာ တွေ့ရပါတယ်။ ဟိုးအဝေးမှာတော့ ပြာလဲ့နေတဲ့ တောင်တန်းများဟာ ငြိမ်သက်တိတ်ဆိတ်လျက်။

"ငပြည့်"

"အင်း"

"မင်းအဆင်သင့်ဖြစ်နေပြီ မဟုတ်လား ငပြည့်။ သိပ်မကြာခင် မင်းအဖေနဲ့ တွေ့ရတော့မှာကွာ"

ထွန်းကျော်ရဲ့စကားအဆုံးမှာ ကျန်တဲ့သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို ဝိုင်းကြည့်နေတယ်။ ပီတိဖြစ်တဲ့အကြည့်၊ ကျေနပ်ဝမ်းမြောက်တဲ့ အကြည့်တွေ။

အင်း. . . ကျွန်တော့်ခေါင်းကို ဆတ်ဆတ်ကလေး ညိတ်မိပြီး အေးစိမ့်တဲ့ လေကို အားရပါးရ ရှိုက်ရှူကာ ရှက်ရယ်ရယ်မိလိုက်တယ်။

ကဲ. . . ဒီသူငယ်ချင်းတွေရှိနေရုံနဲ့ လောကကြီးဟာ ဘယ်လောက်တောင် သာယာလှပပါလိမ့်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

"ကားထွက်မယ်၊ ခရီးဆက်မယ်ဝေ. . . ရန်ကုန်အဖွဲ့တွေ၊ လက်ကျန် အိတ်တွေလည်း စစ်ဦးနော့"

ကားဆရာရဲ့စကားအဆုံးမှာ ကျွန်တော်တို့ ယောကျ်ားလေး ၃ ယောက် ခရီးဆက်လက် ထွက်ခွာရန်ပြင်ဆင်လိုက်တယ်။

ဈေးဝယ်ခဏလို့ ပြောတဲ့ ပျိုနီနဲ့ ဖြူသွယ်က ပြန်ရောက်မလာသေး။

"ငါလိုက်ရှာလိုက်မယ် ပြည့်စုံ"

ပြောပြောဆိုဆိုနဲ့ ထွန်းကျော် အပြေးကလေးထွက်သွားပြီး တစ်ခဏ အတွင်း ဖျတ်ခနဲ ပြန်ရောက်လာခဲ့တယ်။

"ငါ ဒီနားကဆိုင်တွေမှာ ရှာတာ၊ သူတို့ကို မတွေ့ခဲ့ဘူး ပြည့်စုံ။ ဘယ်မှလဲ သွားစရာမရှိပါဘူး။ ဘယ်ဘက်သွားမယ်လို့ မင်းကိုပြောသွားသေးလဲ"

ထွန်းကျော်မျက်နှာ နည်းနည်းရှုံ့သွားတယ်။ သုတက မျက်လုံးနဲ့ပဲ ဘယ်လို လုပ်ကြမလဲဆိုတဲ့ အမူအရာကို ပြတယ်။

"ကျွတ်. . . ဒုက္ခပဲကွာ"

ကျွန်တော် စိတ်ပင်ပန်းစွာနဲ့ အသံထွက် ညည်းညူလိုက်တယ်။ အတွေး ထဲမှာ အန္တရာယ်တော့ မရှိကောင်းလောက်ပါဘူးလို့ ကိုယ့်ဘာသာ ဖြေသိမ့်ရတယ်။

ကားအိုကြီးဟာ ထွက်ခွာဖို့ အဆင်သင့်ဖြစ်နေပြီ။ ဆူဆူညံညံ စက်သံ

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ လှုပ်ရှားစပြုနေပြီ။

"မင်းတို့ စောင့်ဦး၊ ငါ ထပ်သွားရှာဦးမယ်"

ကျွန်တော် ပြောပြောဆိုဆိုပဲ ခြံပြင်ကို သုတ်ခနဲ လှမ်းလိုက်တယ်။

"ဟော. . . ဟိုမှာ ပျိုနီနဲ့ ဖြူသွယ်"

သုတက ဝမ်းသာအားရ အော်တော့ လမ်းကူးပြီး အပြေးလေးပြန်လာတဲ့ သူတို့နှစ်ယောက်ကို တွေ့ရတယ်။ အမယ် ရုပ်တွေက လန်းဆန်း ပျော်ရွှင်လို့။ ကျွန်တော်လည်း တော်တော်လေး စိတ်သက်သာရာ ရသွားပါတယ်။

"ဆောရီးဟယ်၊ ဈေးဝယ်သွားရင်း အလှပြင်ဆိုင်တွေ့တာနဲ့ ခေါင်းဝင် လျှော်နေကြတာ။ တောင်ပေါ်အမြင့်ရောက်လေ ပိုအေးလေ မဟုတ်လား။ စောစော က လမ်းခရီးက ဖုန်နီတွေ၊ ချွေးစီးတွေ များလွန်းလို့လေ"

"ငါတို့ ဇိမ်မခံခဲ့ပါဘူးဟဲ့၊ မီးလာတယ်ဆိုတော့ မြန်မြန်လျှော်၊ မြန်မြန် မှုတ် ခဏလေးပဲ ကြာတာပါ"

"နင်တို့တွေက စိတ်ဆိုးနေကြတာလားဟင်. . . ငါတို့က"

ကြည့်ပါဦး၊ သူတို့နှစ်ယောက်ဟာ မလုံမလဲ ဆင်ခြေကို အမြန်ပေးရင်း ခေါင်းလျှော်ဆိုင်သွားတာကို ဖြေရှင်းနေကြတာ။ ကျွန်တော် ရင်ထဲက ဆူပစ်လိုက် မယ်လို့ တွေးထားတဲ့ဒေါသတွေ ဘယ်ရောက်သွားမှန်းမသိဘူး။

ဒီခဏပဲ ရှိသင့်တာထက် ပိုစိတ်ပူမိတဲ့ တစ်ယောက် ကျွန်တော့်ရင်ထဲမှာ ရှိခဲ့တယ်ဆိုတာ ပိုသေချာသွားခဲ့တယ်။ သူမရဲ့ မဲ့တဲ့တဲ့ နှုတ်ခမ်းလေးတွေရယ်၊ တောင်းပန်နေတဲ့ မျက်ဝန်းလဲ့လဲ့လေးတွေရယ်ကို မငြင်းဆန်နိုင်တဲ့အခိုက်မှာပေါ့။

သူမရဲ့ ဖြစ်တည်မှု အသေးအမွှားလေးတွေကအစ ခဏခဏ မြတ်နိုးမိ နေမိတာ။ သူမရဲ့ ရယ်သံလေးကစလို့ ခြေလှမ်းလေးတွေအထိ အားလုံးကို ကျွန်တော် သဘောကျမိနေတာရော၊ ခံစားချက်ကို ဖုံးကွယ်နိုင်စွမ်းမရှိတာကိုရော ကျွန်တော် ဘယ်လိုလုပ်ရမလဲ မသိပါ။ အချစ်ဆိုတာ ဒီလိုပဲစကြတာတဲ့၊ ကျွန်တော့် အတွက်ကျမှပဲ တကယ့်ကို ဘယ်လိုလုပ်ရမှန်းမသိတဲ့ ဒွိဟတွေနဲ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၃

## သူငယ်ချင်းအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

ကန်ပက်လက်မြို့ ချင်းပြည်တောင်ပိုင်း။

ထွန်းကျော်မိုးမြင့်

အမြင့်ပေ ၁၀၅၀၀ ရှိတဲ့ နတ်မတောင်နှင့် အနီးဆုံးမြို့က ကန်ပက်လက်မြို့ဖြစ်တယ်။ ပြည့်စုံဖေဖေနေတဲ့ရွာနဲ့လည်း တော်တော်နီးတယ်။ ကျွန်တော်တို့ တည်းခိုရတဲ့ ခေါင်မိုးနီနီ ထင်းရှူးသားညိုညိုနဲ့ ရောဆောက်ထားတဲ့ ဘန်ဂလိုပုံ ဟိုတယ်လေးဟာ နှစ်သက်ဖွယ်။ အခန်းဝရန်တာက လှမ်းကြည့်ရင်လည်း ထင်းရှူးတောကို ကြည်မြစွာ လှမ်းပြီးမြင်ရသေးတာ။

နှစ်ခန်းတွဲကပ်လျက်မို့ ဘယ်ဘက်အခြမ်းမှာ မိန်းကလေးနှစ်ယောက်၊ ညာဘက်အခြမ်းမှာ ယောကျ်ားလေး သုံးယောက် နေထိုင်ဖို့ ပြင်ဆင်ပေးထားတာ အဆင်ပြေလွန်းလှပါတယ်။

မီးဟာ အချိန်ပိုင်းခဏပဲရပေမဲ့ ညဘက်ကိုတော့ ၁၀ နာရီအထိ မီးစက်ထွန်းပေးမယ် ပြောပါတယ်။ အစားအစာကို ည ၉ နာရီအထိ မှာစားလို့ရမယ်တဲ့။ အစားအသောက်ကိုတော့ ရွေးချယ်ခွင့် မရှိပါဘူး အလှည့်ကျ Menu ကိုပဲ စီစဉ်ပေးတာပါ။ ဖုန်းဆက်သွယ်ဖို့ဆို CDMA ဖုန်းတစ်မျိုးပဲရတယ်။ ဟိုတယ် Lobby မှာ အခကြေးငွေပေးပြီး ဆက်ရတယ်။ ရန်ကုန်က ပါလာတဲ့ဖုန်းတွေဟာ ဓာတ်ပုံရိုက်ဖို့ပဲ အသုံးဝင်တော့တယ်။ အရာရာဟာ သဘာဝနဲ့ နေထိုင်ခြင်းပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှီး. . . ရေပူစက်ထဲက ရေတွေ ကုန်အောင်ချိုးပစ်လိုက်ရလားကွ"

ကန်ပက်လက်ရောက်ပြီ ဆိုတော့ တက်ကြွနေတဲ့ ပြည့်စုံဟာ ရေအရင် ဝင်ချိုးပါတယ်။ သူ့နောက်က သုတ၊ သုတအလှည့်မှာ ရေနွေးကုန်သွားပြီ ထင်ပါ တယ်။

"ဆောရီးကွာ၊ မီးလာတော့ ရေပူရမယ်ပဲ ထင်မိတာ"

ပြည့်စုံဟာ မျက်နှာငယ်လေးနဲ့ တောင်းပန်ရှာတယ်။ သူတို့ အငြင်းပွား နေတုန်း ရေအေးနဲ့ပဲ ကျွန်တော် ခပ်သွက်သွက် ဝင်ချိုးလိုက်တယ်။ အမလေး. . . အေးစက်ထုံကျင်နေတာပဲ။

ရေချိုးပြီးလို့ ခပ်ထူထူ အနွေးထည်ကို ကောက်ဝတ်နေတုန်းမှာပဲ တံခါး ခေါက်သံ ခပ်ပြင်းပြင်း ကြားရတယ်။

"ဒုံး. . . ဒုံး. . . ဒုံး"

"ကောင်ကလေးတွေ မပြီးသေးဘူးလား ကောင်ကလေးတွေ"

ပျိုနီရဲ့အသံပါ၊ ပျိုနီဟာ ကျွန်တော်တို့ကို အမြဲခပ်နောက်နောက် ခေါ် တတ်တယ်။ ကောင်ကလေးတွေတဲ့။ သူက အစ်မကြီး အရမ်းဖြစ်ချင်တာလေ။

"ဆိုင်ကယ်ကယ်ရီတွေ ရောက်နေပြီဟေ့၊ မြန်မြန်လုပ်ကြ"

ဒါကတော့ ဖြူသွယ်အသံ။

"ဟဲ့. . . နင်ယောကျ်ားမကို တွေ့ရမှာမို့ တက်ကြွနေတာလား။ ငါတို့က ၃ ယောက်ဟဲ့၊ ရေချိုးခန်း လုရသေးတယ်"

"နင်အလှပြင်နေလို့ ကြာတာနေမှာပေါ့ ငသုရဲ့"

"အေးပါ. . . အကွက်လေးတွေ လှတယ်နော် မိသွယ်"

"အေး. . . အဲ့ဒါကြောင့် ငါ အကွက်ရွေးဝတ်ထားတာလေ။ နင် မနာလို မဖြစ်နဲ့ သုတ"

ထုံးစံအတိုင်း ဖြူသွယ်နဲ့ သုတဟာ စကားနိုင်လုကြပြန်ပြီ။

ရယ်ကျဲကျဲနဲ့ ပြည့်စုံ အခန်းပြင်ကိုထွက်သွားတော့ သယ်စရာအထုပ် တွေ ဆွဲပြီး ကျွန်တော်ပါ အနောက်က လိုက်သွားတယ်။ ကျွန်တော်တို့ မှာထားတဲ့ ဆိုင်ကယ်ကယ်ရီတွေ ရနေပြီ။

ပြည့်စုံဖေဖေနေတဲ့ ရွာကို ကျွန်တော်တို့တည်းတဲ့ ဟိုတယ်ကနေဆို မိနစ် ၃၀ လောက် လမ်းလျှောက်ရင်ရောက်သတဲ့။ ဒါပေမဲ့ ပြည့်စုံဖေဖေဟာ လွယ်ကူ အောင် ဆိုင်ကယ်ကယ်ရီတွေ စီစဉ်ပေးထားဟန် တူပါတယ်။

mgyoe.com